Message Three

# ယော်ဒန်မြစ်ကို ဖြတ်ကျော်ခြင်းနှင့် တိုက်ပွဲအတွက် ပြင်ဆင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယောရှု၊၃း၁-၄း၂၄။ ၅း၁-၁၀

## I. ယောရှု ၃း၁-၄း၂၄ သည် အစ္စရေးလူများက ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်း၏ မှတ်တမ်းဖြစ်သည်။

A. အစ္စရေးလူများက သူတို့ဘုရားသခင်၏ ပဋိညာဉ်သေတ္တာတော်နှင့် သေတ္တာတော်ကို ထမ်းသော လေဝိအမျိုး ယဇ်ပုရောဟိတ်တို့ကို မြင်ကြသောအခါ သူတို့၏နေရာမှထွက်၍ ၎င်းနောက်သို့ လိုက်ကြရသည် - ၃း၃၊ ၆။

1. သေတ္တာတော်သည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည် - ထွ၊ ၂၅း၁၀-၂၂။
2. ဘုရားသခင်၏သေတ္တာတော်သည် အစ္စရေးအမျိုးသားများနှင့်အတူ သွားသောအခါ ဘုရားသခင်သည် သူတို့နှင့်အတူ သွားပြီး၊ ဦးဆောင်လျက် ရေထဲသို့ ရှေ့ဦးစွာ ခြေလှမ်းလှမ်းပေးခဲ့သည် - ယောရှု၊၃း၈၊ ၁၁။
3. သေတ္တာတော်သည် ယဇ်ပုရောဟိတ်များ၏ ပခုံးပေါ်၌ရှိခြင်းမှာ ပုံဆောင်ချက်၌ သေတ္တာတော်ကို ထမ်းသော ယဇ်ပုရောဟိတ်များသည် သုံးပါးတစ်ပါးဘုရားနှင့် ထုံးဖွဲ့မှုတစ်ခုတည်းဖြစ်လာကြခြင်းကို ရည်ညွှန်းသည် - အငယ်၊၃။
   a. သူတို့နှင့် ဘုရားသခင်သည် စုပေါင်းထားသော ပုဂ္ဂိုလ်တစ်ဦး - စုပေါင်းထားသော ဘုရား-လူဖြစ်သည်။
   b. ဘုရားသခင်သည် သူတို့၏ လျှောက်လှမ်းခြင်း၌ လျှောက်လှမ်းကာ၊ သူတို့သည် ဘုရားသခင်၏လျှောက်လှမ်းခြင်း၌ လှမ်းကြသည်။

B. ယော်ဒန်မြစ်သည် ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်သည် - တ၊၂း၂၃-၂၄။ ၃း၁၅။

1. သခင်ဘုရား၏ ပဋိညာဉ်သေတ္တာတော်သည် ယော်ဒန်မြစ်အထဲသို့ လူအများရှေ့တွင် ဖြတ်ကူးသွားခဲ့သည် - ယောရှု၊၃း၁၁။
2. သေတ္တာတော်က ယော်ဒန်မြစ်အထဲသို့ဝင်ရောက်သွားခြင်းနှင့် ပြန်ထွက်လာခြင်းမှာ ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းသည် - အငယ်၊၁၅။ ၄း၁၁။

C. အစ္စရေးလူတို့က ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းမှာ ယုံကြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာ သေခြင်းကို မရည်ညွှန်းဘဲ၊ ယုံကြည်သူများက ခရစ်တော်၏ အသေခံခြင်းကို တွေ့ကြုံခံစားခြင်းကို ရည်ညွှန်းကာ၊ ၎င်း၌ လူဟောင်းသည် အဆုံးသတ်ကာ မြှုပ်နှံခံရသည် - ရော၊၆း၃-၆။ ဂလ၊၂း၂၀။

1. ပုံဆောင်ချက်အရ ယော်ဒန်မြစ်သည် ခရစ်တော်၏ အသေခံခြင်းကို ရည်ညွှန်းပြီး၊ ၎င်းအထဲသို့ ယုံကြည်သူများသည် ဗတ္တိဇံကို ခံခဲ့ကြသည် - ရော၊၆း၃-၄။
2. အစ္စရေးအမျိုးသားတို့သည် ခရစ်တော်၏ အသေခံခြင်းကို ဖြတ်ကျော်ခြင်းဖြင့် သူတို့၏ လူဟောင်းကို မြှုပ်နှံကာ၊ ခရစ်တော်၌ လူသစ် ဖြစ်လာကြသည် - ၂ကော၊၅း၁၇။
   a. သူတို့သည် ကောင်းသောမြေအထဲသို့ ဝင်ရောက်ရန်၊ မြေကို သူတို့၏ပိုင်ဆိုင်ရာအဖြစ် ရယူရန်၊ ခါနန်ပြည်သားများနှင့် ဆန့်ကျင်တိုက်ပွဲကို ပါဝင်ဆင်နွှဲရန် အဆင်သင့်ဖြစ်နေခဲ့ကြသည်။ သို့သော် သူတို့၏လူဟောင်း၌ သူတို့သည် အောင်မြင်ခြင်းကို မရရှိနိုင်ကြပေ။
   b. ပုံဆောင်ချက်၌ သူတို့သည် ခရစ်တော်၏ အသေခံခြင်း၌ မြှုပ်နှံခံခဲ့ကြပြီး၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ထမြောက်ခဲ့ကြကာ၊ ဝိညာဉ်ရေးရာစစ်ပွဲကို တိုက်ခိုက်ခြင်းအတွက် ခရစ်တော်၌ လူသစ်ဖြစ်လာကြသည် - ဧ၊၆း၁၀-၂၀။
   c. ကျွန်ုပ်တို့၏လူဟောင်း၊ ကျွန်ုပ်တို့၏ဇာတိလူသည် ခရစ်တော်ကို ရယူခြင်းအတွက် ဝိညာဉ်ရေးရာစစ်ပွဲကို တိုက်ခိုက်ခြင်း၌ အရည်အချင်း မရှိကြောင်း ကျွန်ုပ်တို့သိနားလည်ရန် လိုအပ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့သည် လူဟောင်းမဟုတ်တော့ဘဲ၊ လူသစ်ဖြစ်ကြသည် - ၄း၂၂-၂၄။

3. ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းအဖြစ် ခရစ်တော်၏အသေခံခြင်းအထဲသို့ ယုံကြည်သူများ၏ ဗတ္တိဇံခံခြင်းသည် ယုံကြည်သူများကို ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဦးဆောင်ပေးသည် - ရော၊၆း၃-၆။ ကော၊၂း၁၂။
   a. မြှုပ်နှံခြင်း၏ သွင်ပြင်၌ ဗတ္တိဇံခံခြင်းသည် ကျွန်ုပ်တို့၏လူဟောင်းကို အဆုံးသတ်ခြင်းဖြစ်သည်။
   b. ရှင်ပြန်ထမြောက်ခြင်းသွင်ပြင်၌ ဗတ္တိဇံခံခြင်းသည် ကျွန်ုပ်တို့ဝိညာဉ်၏ အသစ်မွေးဖွားခြင်းဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ခရစ်တော်၌ ဘုရားဆိုင်ရာအသက်ဖြင့် အသက်ရှင်စေခြင်း ရှိနိုင်မည်ဖြစ်သည် - ယော၊၃း၆၊ ၁၅။ ရော၊၈း၁၀။
   c. ရှင်ပြန်ထမြောက်ခြင်း နယ်ပယ်၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို အရာအားလုံးပါဝင်သောမြေအဖြစ် မွေ့လျော်ဝမ်းမြောက်ရကာ၊ ၎င်း၌ ကျွန်ုပ်တို့၌လျှောက်လှမ်း၍၊ ဘုရားသခင်၏ စီမံကိန်းပြီးမြောက်ပြည့်စုံခြင်းအတွက် အမြစ်စွဲခြင်းနှင့် တည်ဆောက်ခြင်း ခံရကြသည် - ၆း၄။ ကော၊၂း၇။

D. အစ္စရေးတို့က ယော်ဒန်မြစ်ကို ဖြတ်ကူးပြီး ကောင်းသောမြေအထဲသို့ ဝင်ရောက်ခြင်းမှာ အစ္စရေးတို့က ကောင်းသောမြေကို ပိုင်ဆိုင်ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းသို့ ဆက်နွှယ်နေပြီး၊ ၎င်းမှာ ဖေက်စာစောင်၌ ဖွင့်ပြထားသည့်အတိုင်း ခရစ်တော်၌ရှိသည့် ကောင်းချီးမင်္ဂလာများ၏ ကြွယ်ဝခြင်းများကို ယုံကြည်သူများက လက်တွေ့ကျကျ တွေ့ကြုံခံစားခြင်းအား ပုံဆောင်ခြင်းဖြစ်သည် - ယောရှု၊၄း၁။

E. အစ္စရေးတို့က ယော်ဒန်မြစ်ကို ဖြတ်ကူးပြီးနောက် ကောင်းသောမြေအထဲသို့ ဝင်ရောက်ခြင်းမှာ ယုံကြည်သူများက စာတန်နှင့် သူ၏မှောင်မိုက်တန်ခိုးရှိရာ ကောင်းကင်ဆိုင်ရာများကို ရယူသိမ်းပိုက်ခြင်း အတွေ့အကြုံကို ပုံဆောင်ထားသည် - ဧ၊၂း၂။ ၆း၁၂။

## II. ယော်ဒန်မြစ်ထဲက ကျောက်တစ်ဆယ့်နှစ်လုံးကို ယူဆောင်သွားပြီး၊ အခြားကျောက်တစ်ဆယ့်နှစ်လုံးကို ယော်ဒန်မြစ်၌ ထူထောင်ခြင်း ရှိလေသည် - ယောရှု၊၄း၃-၉။

A. ယော်ဒန်မြစ်ထဲက ကျောက်တစ်ဆယ့်နှစ်လုံးကို ယူခြင်းမှာ အသစ်သောအစ္စရေး၏ မျိုးနွယ်တစ်ဆယ့်နှစ်မျိုးကို ရည်ညွှန်းခြင်းဖြစ်သည် - အငယ်၊၃-၇။

B. ယော်ဒန်မြစ်ရေထဲမှ ယူသွားသည့် ကျောက်များကို စိုက်ထူခြင်းမှာ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းသည် - အငယ်၊၇။
   1. ဤကျောက်တစ်ဆယ့်နှစ်လုံးမှာ "ရှင်ပြန်ထမြောက်ခဲ့သော" အသစ်သော အစ္စရေးသည် သေခြင်းရေကို ဖြတ်ကျော်ခဲ့ကြောင်း သက်သေခံချက်ဖြစ်ခြင်း အမှတ်လက္ခဏာ၊ ပြသခြင်းဖြစ်သည် - အငယ်၊၆-၇၊ ၂၁-၂၄။
   2. ဤသည်မှာ ယုံကြည်သူများက သေခြင်းမှ ရှင်ပြန်ထမြောက်သောခရစ်တော်ကို တွေ့ကြုံခံစားခြင်းအား ပုံဆောင်သည် - ရော၊၆း၃-၄။

C. ယော်ဒန်မြစ်အလယ်၌ အခြား ကျောက်တစ်ဆယ့်နှစ်လုံးကို ထူထောင်ခြင်းမှာ အစ္စရေးမျိုးနွယ် တစ်ဆယ့်နှစ်မျိုးအား သူတို့၏ အသက်တာအဟောင်းနှင့် သူတို့၏သဘောသဘာဝအဟောင်း၌ ရည်ညွှန်းခြင်းဖြစ်သည် - ယောရှု၊၄း၉။
   1. ယောရှုသည် ဤကျောက်တစ်ဆယ့်နှစ်လုံးကို သေတ္တာတော်ရှိရာ ယော်ဒန်မြစ်အလယ်၌ စိုက်ထူခြင်းမှာ သခင်ဘုရားက အစ္စရေးလူတို့အား သူတို့၏ဇာတိအဟောင်း၌ သူတို့သည် ယော်ဒန်မြစ်၏ သေခြင်းရေအောက်၌ တည်နေစေရန် အလိုရှိကြောင်း ရည်ညွှန်းသည်။
   2. ဤသည်မှာ ယုံကြည်သူများ၏ လူဟောင်းသည် ခရစ်တော်၏ အသေခံခြင်း၌ တည်မြဲနေသင့်ကြောင်း ပုံဆောင်သည် - ရော၊၆း၆။ ဂလ၊၂း၂၀။ ဖိ၊၃း၁၀။

D. ကျောက်တစ်ဆယ့်နှစ်လုံး နှစ်စုံမှာ ကျွန်ုပ်တို့၏လူဟောင်းသည် မြှုပ်နှံခံရပြီး၊ ကျွန်ုပ်တို့၏ ရှင်ပြန်ထမြောက်သော လူသစ်သည် အသက်ရှင်ကာ သုံးပါးတစ်ပါးဘုရားနှင့်အတူ တစ်လုံးတစ်ဝတည်း လုပ်ဆောင်ရခြင်းကို ရည်ညွှန်းသည်။ ဤသည်မှာ ဖေက်စာစောင်ရှိ ဖွင့်ပြခြင်းနှင့် ကိုက်ညီမှုရှိသည် - ၂း၁၊ ၄-၆၊ ၁၅ နှင့် ၁၀။

**III. သက်သေခံချက်သေတ္တာတော်ကို သယ်ဆောင်သော ယဇ်ပုရောဟိတ်များသည် လူမျိုးအားလုံးက ယော်ဒန်မြစ်ကို အကုန်အစင် ဖြတ်ကျော်သွားသည့်တိုင်အောင် ယော်ဒန်မြစ်အောက်ခြေရှိ ချောက်သွေ့သောကြမ်းပြင်ပေါ်မြဲမြဲ ရပ်နေကြသည် - ယောရှု၊၃း၈၊ ၁၃-၁၅၊ ၁၇။ ၄း၁၀-၁၁၊ ၁၅-၁၈။**

A. သေတ္တာတော်ကို ထမ်းသည့် ယဇ်ပုရောဟိတ်များသည် ရေထဲသို့ သွားရန် ပထမဆုံးသောသူများနှင့် ရေထဲမှ ထွက်လာရန် နောက်ဆုံးသောသူများဖြစ်ကြသည်။ သူတို့သည် ဘုရားသခင်၏လူများအားလုံး မြစ်ကို ဖြတ်ကူးပြီးသွားစေရန် မြစ်၏ ကြမ်းပြင်၌ စောင့်နေကြသည် - ၃း၁၇။ ၄း၁၅-၁၆။

B. ဘုရားသခင်သည် ယဇ်ပုရောဟိတ်များကို သေခြင်း၏နေရာ၌ ထားရှိခဲ့သည်၊ သို့မှသာ အစ္စရေးလူတို့သည် အသက်၏မြေသို့ သွားရာလမ်းကို ရရှိမည်ဖြစ်သည် - အငယ်၊၁၀။

1. မြစ်၏ကြမ်းပြင်သည် သေခြင်း၏နေရာဖြစ်သည်။ ၎င်းသည် သက်သောင့်သက်သာဖြစ်ခြင်း သို့မဟုတ် ဆွဲဆောင်ဖွယ်ရာ မရှိပါ။
2. မြစ်၏ကြမ်းပြင်၌ သက်သေခံချက်သေတ္တာတော်ကို ထမ်းခြင်းမှာ ကြီးစွာသော ဆင်းရဲဒုက္ခဖြစ်သည်။
3. သခင်ဘုရားသည် ယောရှု ၃ နှင့် ၄ ရှိ ယဇ်ပုရောဟိတ်များကဲ့သို့ ရေအထဲသို့ ခြေလှမ်းလှမ်းမည့်၊ သေခြင်းအထဲသို့ ဦးစွာ လျှောက်လှမ်းမည့် လူတစ်စုကို ရှာဖွေလျက်ရှိသည် - ၃း၈၊ ၁၇။
   a. သူတို့သည် ကားတိုင်အားဖြင့် ဦးစွာ ဆက်ဆံဖြေရှင်းခံရန်၊ သေခြင်းနေရာ၌ ရပ်တည်ရန် လိုလားဆန္ဒရှိကြသည်၊ သို့မှသာ အသင်းတော်သည် အသက်၏လမ်းကို ရှာတွေ့လိမ့်မည်ဖြစ်သည် - ၂ကော၊၄း၁၀-၁၂။
   b. ဘုရားသခင်သည် အခြားသူများက အသက်ကို လက်ခံရရှိနိုင်ခြင်းမရှိမီ ရှေ့ဦးစွာ ကျွန်ုပ်တို့ကို သေခြင်းနေရာ၌ ထားရှိရမည်ဖြစ်သည် - ယော၊၂း၁၉။ ၁၂း၂၄။ ၁ကော၊၁၅း၃၆။

C. တမန်တော်ပေါလုသည် အသေခံခြင်းအားဖြင့် အသက်ကို အမှုဆောင်ခြင်းဖြစ်သောကြောင့် သူက သက်သေခံကာ "သေခြင်းသည် ငါတို့၌ ပြုပြင်တတ်၏။ သင်တို့၌ကား၊ အသက်ရှင်ခြင်းသည် ပြုပြင်တတ်၏" ဟု ပြောနိုင်ခဲ့သည် - ၂ကော၊၄း၁၂။

1. တမန်တော်များ၏အလုပ်သည် သူတို့၌ ပြုပြင်လုပ်ဆောင်သည့် သေခြင်း၏အလုပ်ဖြစ်သည်၊ သို့မှသာ အသက်သည် ယုံကြည်သူများ၌ ပြုပြင်လုပ်ဆောင်နိုင်မည်ဖြစ်သည် - အငယ်၊၁၀-၁၂။
2. ကျွန်ုပ်တို့၌ သေခြင်း၏ပြုပြင်လုပ်ဆောင်ခြင်းမှ ထွက်ပေါ်လာသောအရာ၊ ရလဒ်မှာ အံ့သြဖွယ်ရာဖြစ်သည် - ၎င်းသည် အခြားသူများ၌ အသက်ဖြစ်ခြင်း ဖြစ်သည် - အငယ်၊၁၂။
3. ပဋိညာဉ်တရားသစ် အမှုတော်၏ စစ်မှန်သောအလုပ်မှာ အလုပ်လုပ်ခြင်း အကြောင်းအရာမဟုတ်ပါ၊ ၎င်းမှာ အသေခံခြင်း၏အကြောင်းအရာဖြစ်သည် - အငယ်၊၁။ ၃း၈-၉။ ၅း၁၈။
4. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် အသေခံရန်လိုအပ်သည်၊ သို့မှသာ အသက်သည် အခြားသူများ၌ လုပ်ဆောင်ခြင်း ရှိမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသေခံခြင်းသည် ကျွန်ုပ်တို့၏လုပ်ဆောင်ခြင်းဖြစ်သည် - ၄း၁၂။
5. "သခင်ဘုရားက သင့်အား ကိုယ်တော်အဖို့ အလုပ်တစ်ခု ပြီးမြောက်စေခြင်းငှာ အလိုမရှိပါ။ ကိုယ်တော်က သင့်ကို အသေခံခြင်း ရှိစေလိုသည်။ သင်သေလျှင် အသက်သည် အခြားသူများ၌ လုပ်ဆောင်လိမ့်မည်။ သင်သည် အသေခံခြင်းအားဖြင့် အခြားသူများထံ အသက်ကို အမှုဆောင်ပေးလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အလုပ်သည် အသေသတ်ခံခြင်း ဖြစ်သည်" - *Life-study of 2 Corinthians,* p. 295.

**IV. အစ္စရေးလူမျိုးတို့သည် စည်းကြပ်ပေးခြင်း၊ သင်တန်းပေးခြင်း၊ အရည်အချင်းပြည့်မီစေခြင်း ခံရပြီးဖြစ်သော်လည်း၊ ယော်ဒန်မြစ်ကို ဖြတ်ကျော်ပြီးနောက် သူတို့သည် တိုက်ခိုက်ခြင်းမပြုမီ ထပ်တိုး၍ ပြင်ဆင်ခြင်း လိုအပ်နေဆဲဖြစ်သည် - ယောရှု၊၅း၁-၁၀။**

A. ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းမှာ ခါနန်ပြည်ရှိ မျိုးနွယ်ခုနစ်မျိုးကို ဆန့်ကျင်စစ်တိုက်ခြင်းအတွက် ဖြစ်သည် - ၄း၁၂-၁၃။

B. ယောရှုသည် ယော်ဒန်မြစ်ကို ဖြတ်ကျော်ခြင်း အံ့ဖွယ်နိမိတ်လက္ခဏာ၌ ပါဝင်ဆက်ဆံနေစဉ် သူသည် နတ်ဆိုးဆိုင်ရာခါနန်ပြည်သားများကို ဆန့်ကျင်စစ်တိုက်ရန် ဦးဆောင်ခြင်းငှာ ခွန်အားခိုင်ခံ့စေခြင်း ခံရသည် - ၃း၆-၇၊ ၁၀။ ၄း၁၄။

C. ယေဟောဝါက ယောရှုအား "အစ္စရေးအမျိုးသားတို့အား တစ်ဖန် ဒုတိယအကြိမ် အရေဖျားလှီးလော့"ဟု မိန့်မှာခဲ့သည် - ၅း၂။

1. အရေဖျားလှီးခြင်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ ရွေးချယ်ခံလူများကို ဘုရားသခင်ကတိပေးထားသော မြေကို အမွေခံခြင်းအတွက် အသစ်သောလူများဖြစ်လာစေရန် ဖြစ်သည် - ဥ္ပန်း၊ က၊၁၇း၇-၁၂။

2. အသစ်သော အစ္စရေး၏ အရေဖျားလှီးခြင်းမှာ ကိုယ်တော်၏အသေခံခြင်းအားဖြင့် ခရစ်တော်၏ အရေဖျားလှီးခြင်းကို ပုံဆောင်ကာ၊ ယုံကြည်သူများက အသွေးအသား၏ ကိုယ်ခန္ဓာကို ချွတ်ပယ်ခြင်း၌ လက်တွေ့ယူဆောင်ပြီး၊ သူတို့သည် ဘုရားသခင်ခွဲဝေပေးထားသည့် ဝေစုအဖြစ် ခရစ်တော်ကို ရှင်ပြန်ထမြောက်ခြင်း၌ အမွေခံရနိုင်မည်ဖြစ်သည် - ကော၊ ၂း၁၁-၁၂။ ၁း၁၂။

3. ဝိညာဉ်ရေးရာ အရေဖျားလှီးခြင်းမှာ ခရစ်တော်၏ အသေခံခြင်း၌ မြှုပ်နှံခံရခြင်း၏ ဆက်လက်ဖြစ်ပွားခြင်း ဖြစ်သည် - ရော၊၆း၃-၄။

   a. ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းမှတစ်ဆင့် ဟောင်းသော အစ္စရေးသည် မြှုပ်နှံခံရ၍၊ အသစ်သော အစ္စရေးသည် ထွက်ပေါ်လာခဲ့သည်။ ဤသည်မှာ ဘုရားသခင်ပြုခဲ့သော အပြင်ပိုင်းဆိုင်ရာအလုပ်ဖြစ်သည်။

   b. အစ္စရေးအမျိုးသားတို့သည် အရေဖျားလှီးခံခြင်းမှာ သူတို့သည် ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်း၌ ဘုရားသခင်ပြုခဲ့ပြီးသောအရာကို လက်တွေ့ကျကျ ယူဆောင်ကြခြင်းဖြစ်သည် - ယောရှု၊၅း၂-၉။

4. ဓမ္မသစ်ကျမ်း၌ ဝိညာဉ်ရေးရာအရေဖျားလှီးခြင်းမှာ ကျွန်ုပ်တို့၏အသွေးအသားသို့ ခရစ်တော်၏ အသေခံခြင်းကို အဆက်မပြတ် ယူဆောင်လျှောက်လှမ်းခြင်းဖြစ်သည် - ဖိ၊၃း၃။ ကော၊၂း၁၁။

   a. အမှန်မှာ ကျွန်ုပ်တို့သည် ခရစ်တော်၏ အသေခံခြင်းအထဲသို့ ဗတ္တိဇံခံကာ၊ မြှုပ်နှံခံ၍ ကိုယ်တော်နှင့်အတူ ထမြောက်ခဲ့ပြီဖြစ်သော်လည်း၊ လက်တွေ့ကျကျဆိုရလျှင် ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် ကားတိုင်၏အရေဖျားလှီးခြင်းကို ကျွန်ုပ်တို့၏အသွေးအသားသို့ နေ့စဉ်နေ့တိုင်း ယူဆောင်နေရဦးမည်ဖြစ်သည် - ရော၊၈း၁၃။ ဂလ၊၅း၂၄။

   b. ဤသည်မှာ ခရစ်တော်၏ အသေခံခြင်းနှင့် မြှုပ်နှံခံရခြင်း၌ တည်မြဲနေခြင်း၏ စစ်မှန်ခြင်းနှင့် လက်တွေ့ကျခြင်းဖြစ်သည်။

D. အစ္စရေးအမျိုးသားတို့သည် ဂိလဂါလ၌ တပ်ချ၍၊ ယေရိခေါလွင်ပြင်၌ ပသခါပွဲကို ကျင်းပခဲ့ကြသည် - ယောရှု၊၅း၁၀။

1. ပသခါ ပွဲတော်သည် ယေဟောဝါက အစ္စရေးလူတို့ကို သူတို့၏ သားဦးများအား သေခြင်းတရားစီရင်မှုမှ ရွေးနုတ်ခြင်းနှင့် ယေဟောဝါက အစ္စရေးလူတို့ကို အီဂျစ်ပြည်မှလည်းကောင်း၊ ဖာရော၏ ညှဉ်းပန်းနှိပ်စက်မှုမှလည်းကောင်း ကယ်တင်ခဲ့ခြင်းကို အောက်မေ့ရန် ကျင်းပခြင်းဖြစ်သည် - ထွ၊၁၂း၃-၇၊ ၁၁-၁၄။ ၁၄း၁၃-၃၀။

2. ပသခါပွဲကို စောင့်ထိန်းခြင်းမှာ ယေဟောဝါသည် အစ္စရေးလူတို့ကို ဖာရောနှင့် အီဂျစ်ပြည်မှ ကယ်တင်ခဲ့သကဲ့သို့၊ ကိုယ်တော်သည် ခါနန်ပြည်ရှိ လူမျိုးနွယ်များကို ဖျက်ဆီး၍ သူတို့ထံမှ အစ္စရေးကို ကယ်လွှတ်မည်ဖြစ်ကြောင်း ညွှန်ပြနေသည် - ယောရှု၊၅း၁၀။

3. အစ္စရေးလူတို့က ပသခါပွဲကို စောင့်ထိန်းခြင်းမှာ ယုံကြည်သူများက သခင်ဘုရားကို သူတို့၏ ရွေးနုတ်ရှင်နှင့် ကယ်တင်ရှင်အဖြစ် အောက်မေ့ရန် သခင်ဘုရား၏စားပွဲတော်ကို စောင့်ထိန်းခြင်းအား ပုံဆောင်သည် - မ၊၂၆း၂၆-၂၈။

© 2021 Living Stream Ministry